# သက္ကပဥ္စသုတ် မြန်မာပြန်အချုပ်

သိကြားမင်း၏ ပြဿနာကို ဖြေကြားခြင်း

## သိကြားမင်း မြတ်စွာဘုရားထံ ချဥ်းကပ်ခြင်း

အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့အရပ်၊ အမ္ဗသဏ္ဍာ မည်သော ပုဏ္ဏားရွာ၏မြောက်ဖက် ဝေဒိသကတောင် ဣန္ဒသာလဂူ၌ သီတင်းသုံးတော်မူ၏။

ထိုအခါ သိကြားမင်းသည် ဘုရားအားဖူးမြော်ရန် ပြင်းပြသောဆန္ဒ ဖြစ်ပေါ်လာသဖြင့် ဘုရားရှင် သီတင်းသုံးရာ အရပ်ကို ဆင်ခြင်ကြည့်သောအခါ ဣန္ဒသာလဂူ၌ သီတင်းသုံးနေကြောင်း သိမြင်လေ၏။ ထို့နောက် သိကြားမင်းသည် တာဝတိံသာနတ်များ ခြံရံ၍ ပဉ္စသိခနတ်သားကို ရှေ့ဆောင်ပြုကာ ရာဇဂြိုဟ်ပြည် ဝေဒိသကတောင်၌ ထင်ရှားပေါ်လာ၏။

ထိုအခါ ဝေဒိယကတောင်နှင့် အမ္ဗသဏ္ဍာပုဏ္ဏားရွာသည် နတ်တို့၏အရောင်ဖြင့် လွန်စွာ တောက်ပလေ၏။ ပတ်ဝန်းကျင် ရွာနေလူတို့ကလည်း “အချင်းတို့- ယနေ့ ဝေဒိယကတောင်သည် မီးတောက်မီးလျှံကဲ့သို့ လွန်စွာတောက်ပ၏။ အကြောင်းမည်သို့ ရှိလေသနည်း”ဟု ပြောဆိုကာ ထိတ်လန့်နေကြ၏။

## ပဉ္စသိခနတ်သား၏ သီချင်းဂါထာများ

သိကြားမင်းသည် ဝေဒိယကတောင်သို့ ရောက်သောအခါ “ဈာန်ဝင်စားကာ တပါးတည်း ကိန်းအောင်းလေ့ရှိသော ဘုရားထံသို့ ခွင့်မပန်ပဲ ချဥ်းကပ်ရန်မသင့်”ဟု စဉ်းစားမိသောကြောင့် ဘုရားအားခွင့်ပန်ရန် ပဉ္စသိခနတ်သားကို ရှေးဦးစွာ စေလွှတ်လိုက်၏။

ပဉ္စသိခနတ်သားသည် ဘုရားသီတင်းသုံးရာ ဣန္ဒသာလဂူအနီး၌ ရပ်တည်လျက် ဉသျှစ်သီးမှည့် ကဲ့သို့ အဝါရောင်အဆင်းရှိသည့် ဗေလုဝပဏ္ဍုမည်သော စောင်းကို တီးလေသည်။ ဘုရား,တရား,သံဃာ တို့နှင့် စပ်ဆိုင်သော အကြောင်းအရာများ၊ ကာမဂုဏ်နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ဖွဲ့ဆို ထားသည့် သီချင်းဂါထာများကို သီဆိုလေသည်။

“ချစ်နှမ သူရိယဝစ္ဆသာ... ကောင်းခြင်းငါးဖြာ လက္ခဏာနှင့်ပြည့်စုံ၍ ငါ့အား နှစ်သက်မြတ်နိုးမှုကို သင်ဖြစ်စေနိုင်ခြင်းသည် သင့်ဖခင် တိမ္ဗရုနတ်မင်းကြောင့်သာ ဖြစ်၏။ ထို့ကြောင့် ထိုတိမ္ဗရုနတ်မင်းကို ငါရှိခိုးပါ၏။”

"ပြိုးပြိုးပြက်ပြက် အရောက်ထွက်သော ချစ်နှမ၊ ပူအိုက်လှသဖြင့် ချွေးတဒီးဒီး ယိုစီးနေသူတို့သည် လေအေးကို နှစ်သက်သကဲ့သို့၎င်း၊ ရေငတ်သူတို့သည် အေးမြကြည်လင်သော သောက်ရေကို နှစ်သက်သကဲ့သို့၎င်း၊ ထို့အတူပင် ငါသည် သင့်ကို ချစ်ဝင်နှစ်သက်လျက် ရှိပါသည်။"

"ချစ်နှမ... ဆေးသည် လူနာ၏ ရောဂါကို ငြိမ်းစေသကဲ့သို့၎င်း၊ အစာသည် ငတ်မွတ်နေသူ၏ ဆာလောင်ခြင်းကို ငြိမ်းစေသကဲ့သို့၎င်း၊ ရေသည် တောင်လောင်နေသော မီးကို ငြိမ်းစေသကဲ့သို့၎င်း၊ ထို့အတူပင် သင်သည် ငါ၏ အချစ်မီးကို ငြိမ်းပါစေလော။"

"ချစ်နှမ... နွေဥတု၏ အပူဒဏ်ကို ခံစားနေရသော ဆင်ပြောင်ကြီးသည် ကြာဝတ်မှုန်များ ပွမ်းလျက် အေးမြသောရေရှိသည့် ရေကန်ကြီးထဲသို့ သက်ဆင်းသကဲ့သို့၊ ထို့အတူ ငါသည် သင်၏ ရင်ခွင်ထဲသို့ သက်ဆင်းလိုပါ၏။"

"ချစ်နှမ... ချွန်းအုပ်မရအောင် အမုန်ကျနေသောဆင်သည် နှင်တံနှင့် လှံမကို ငါနိုင်ပြီဟု ထင်မှတ်သကဲ့သို့၊ ထို့အတူ သွယ်ဆင်းညီညာ လှပစွာဘိ ပေါင်တန်ရှိသည့် သင်၏ကိုယ်၌ စွဲမက်ယစ်မူးမိန်းမိန်းမူးနေသဖြင့် ငါသည် ဘာမျှ မသိမမြင်နိုင်တော့ပါ။"

"ချစ်နှမ... ငါ၏စိတ်သည် သင့်အပေါ်၌ တဖက်သတ် တိမ်းညွတ်လျက် စွဲမက်လျက်သာ ရှိနေပါ၏။ ငါးမျှားချိန်ကို မြိုမိသော ငါးကဲ့သို့ ငါ၏စိတ်ကို နောက်ဆုတ်စေရန် မစွမ်းနိုင်တော့ပါ။"

"တင့်တယ်ပေတောင်း ကောင်းမြတ်လှဘိ ပေါင်တန်ရှိစွ အို ချစ်နှမ... ငါ့ကို ဖက်လှည့်ပါလော၊ မခို့တရို့ကြည့်တတ်ပေလှ အို ချစ်နှမ... ငါ့ကို ပွေ့ဖက်လှည့်ပါလော၊ ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံပေလှ အို ချစ်နှမ... ငါ့ကို ပွေ့ဖက်လှည့်ပါလော၊ သင်၏ ပွေ့ဖက်ခြင်းကို ငါသည် အလွန်တောင့်တလျက် ရှိပါ၏။"

"ချစ်နှမ... ငါ၏ချစ်ခင်တတ်မက်မှုသည် မူလက အနည်းငယ်မျှသာ ဖြစ်ခဲ့သော်လည်း ဆံပင်တွန့်ကောက်သော သင်နှမအပေါ်၌ ချစ်ခင်တတ်မက်ခြင်းသည်ကား ရဟန္တာ၌လှူသော ဒါနကုသိုလ်ကဲ့သို့ တနေ့တခြား တိုးပွား၍သာ လာပါသည်။"

"ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံပေလှ အို ချစ်နှမ... မယိမ်းမယိုင် ကြံ့ခိုင်သောဂုဏ်နှင့် ပြည့်စုံသော ရဟန္တာတို့၌ ငါပြုထားသော ကောင်းမှုဟူသမျှသည် သင်နှင့်အတူ အကျိုးပေးပါစေသောဝ်၊

အို... ချစ်နှမ သူရိယဝစ္ဆသာ...၊ သာကီဝင်မင်းသား ဘုရားအလောင်းတော်ဖြစ်သော ရဟန်းသည် စျာန်စိတ်ဖြင့် တစ်ခုတည်းသော အာရုံရှိလျက် သတိပညာနှင့်ယှဉ်ကာ အမြိုက်နိဗ္ဗာန်ကို ရှာသကဲ့သို့ ငါသည် သင့်ကိုရှာ၍ နေပါသည်။"

"ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံပေလှ အို ချစ်နှမ... ဘုရားအလောင်း ရဟန်းမြတ်သည် မြတ်သောဗောဓိဉာဏ်သို့ ရောက်၍ ဝမ်းမြောက်တော်မူသကဲ့သို့ ငါသည်လည်း သင်နှင့် ပေါင်းသင်းရသည်ဖြစ်၍ ဝမ်းမြောက်လိုပါ၏။"

"အိုချစ်နှမ သူရိယဝစ္ဆသာ... တာဝတိံသာ နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းသည် ငါ့အား လိုရာဆုကို ပေးခဲ့လျှင် ငါသည် သင်နှမကိုသာ တောင်းယူပါအံ့။"

"လိမ္မာရေးခြား ရှိပါပြားသည့် အို ချစ်နှမ... ဤသို့ ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသည့် သမီး ရတနာရှိသော, ပွင့်သစ်စ အင်ကြင်းပင်သဖွယ် တင့်တယ်သော သင့်ဖခင် တိမ္ဗရုနတ်မင်းကို ငါ ဦးညွတ် ရှိခိုးပါ၏။"

## သူရိယဝစ္ဆသာအား ချစ်အားပိုခဲ့ရပုံ လျှောက်ထား...

ဤသို့ **ပဉ္စသိခနတ်သား**က စောင်းတီး၍ သီချင်းဂါထာများကို သီဆိုပြီးသည့်အခါ မြတ်စွာ ဘုရားက "အချင်း ပဉ္စသိခ... သင်၏စောင်းသံနှင့် သီချင်းသံကား လိုက်ဖက်လှ၏။ သင်သည် ဤသီချင်းကို ဘယ်တုန်းက ဖွဲ့စီကုံးခဲ့ပါသနည်း"ဟု မေးတော်မူ၏။ ပဉ္စသိခနတ်သားကလည်း မိမိသည် တိမ္ဗရုနတ်မင်းကြီး၏သမီး **သူရိယဝစ္ဆသာ နတ်သမီး**ကို အလွန်စွဲစွဲလမ်းလမ်း ချစ်ကြိုက် ချစ်နေပါ ကြောင်း၊ သို့သော်လည်း သူရိယဝစ္ဆာသာကမူ မိမိအား ချစ်တုန့်မပြန်ဘဲ မာတလိနတ်မင်းကြီး၏သား **သိခဏ္ဍီနတ်သား**ကိုသာ ချစ်ကြိုက်နေပါကြောင်း၊ ထိုသို့ သူရိယဝစ္ဆသာကို မရနိုင်သောအခါ ဗေလုဝ ပဏ္ဍု နတ်စောင်းကိုယူ၍ တိမ္ဗရုနတ်မင်းကြီး၏ ဗိမာန်သို့ချဉ်းကပ်လျက် စောင်းတီးကား ဤသီချင်း များကို ဆိုခဲ့ပါကြောင်း၊ ယင်းသို့ဆိုခဲ့သဖြင့် သူရိယဝစ္ဆသာနှင့် တရက်မျှ တွေ့ဆုံပေါင်းသင်းခွင့် ရခဲ့ ပါကြောင်းများကို ပြန်ပြောင်း၍ လျှောက်ထားလေ၏။

ပဉ္စသိခနတ်သားနှင့် မြတ်စွာဘုရားတို့ ရင်းနှီးစွာ စကားပြောဆိုနေကြသည်ကို မြင်လျှင် သိကြားမင်း သည် ပဉ္စသိခနတ်သားအား ဘုရားထံခွင့်ပန်ရန် ထပ်မံ၍ သတိပေးလိုက်ရ၏။ ထိုအခါ ပဉ္စသိခနတ်သား သည် "အရှင်ဘုရား... အရှင်သိကြားမင်းကြီးသည် အခြွေအရံပရိသတ်နှင့်တကွ ဘုရားရှင်၏ ခြေတော် အစုံကို ဦးခိုက်၍ ရှိခိုးပါ၏"ဟု လျှောက်ထား၏။ ဘုရားရှင်ကလည်း "နတ်ပရိသတ် အခြွေအရံနှင့်တကွ သိကြားမင်းကြီးသည် ချမ်းသာပါစေ"ဟု မိန့်ကြားတော်မူ၏။ ဘုရားရှင်သည် တန်ခိုးကြီးသော နတ် တို့ကို ဤသို့ပင် ဆုပေးတော်မူလေ့ရှိ၏။

ယင်းသို့မိန့်ကြားလိုက်သည်နှင့် တပြိုင်နက် သိကြားမင်းသည် ခြွေရံပရိသတ်နှင့်တကွ ဣန္ဒသာလဂူသို့ ဝင်၍ ဘုရားရှင်အား ရှိခိုးပြီးလျှင် သင့်တင့်သောနေရာ၌ ရပ်တည်နေ၏။ "သိကြားမင်း.. ပြုဖွယ်ကိစ္စ များလှသည့်ကြားမှ ငါဘုရားထံသို့ လာနိုင်ခြင်းမှာ အံ့သြထိုက်ပါပေ၏"ဟူ၍ ဘုရားရှင်က စတင် မိန့်ကြားတော်မူ၏။

ထိုအခါ သိကြားမင်းကြီးသည် တခါက မိမိသည် ဘုရားရှင် သာဝတ္ထိပြည် သလဋ္ဌဂန္ဓကုဋိ၌ သီတင်းသုံးစဉ် ရောက်လာခဲ့ကြောင်း၊ သို့သော် ဘုရားရှင်က ဖလသမာပတ် ဝင်စားနေခိုက်ဖြစ်၍ ဖူးခွင့်မရခဲ့ကြောင်း၊ သို့ပါ၍ ဘုရားထံပါး၌ ဝတ်ပြုနေသည့် ဝေဿဝဏ်နတ်မင်းကြီး၏ မိဖုရား ဘူဇတိ မည်သော နတ်သမီးကိုသာ တဆင့်စကား မှာကြားကာ ရှိခိုးကန်တော့ခဲ့ရကြောင်းများကို ပြန်ပြောင်း လျှောက်ထားလေ၏။

## ပြဿနာများ မေးခွင့်တောင်းခြင်း...

ထို့နောက်တဖန် သိကြားမင်းသည် ဘုရားရှင်အား ဤသို့ လျှောက်ထားပြန်၏... "အရှင်ဘုရား၊ မြတ်စွာဘုရား ပွင့်တော်မူသည့်အချိန်မှ စ၍ အသုရာအပေါင်းတို့ ဆုတ်ယုတ်လျက် တပည့်တော်တို့ နတ်ပြည်၌ နတ်များ တိုးပွားလာသည်ကို တွေ့မြင်ရပါသည်။"

## ဂေါပကနတ်သား ဝတ္ထု

အရှင်ဘုရား... တခါက ကပိလဝတ်ပြည်မှ ရတနာသုံးပါး၌ ကြည်ညို၍ အကျင့်သီလနှင့် ပြည့်စုံ သည့် **ဂေါပိကာမည်သော သာကီဝင်မင်းသမီး**သည် လူ့ပြည်မှ စုတေ၍ တာဝတိံသာ နတ်ပြည်၌ **ဂေါပကဟူသော အမည်ဖြင့် သိကြားမင်းကြီး၏ သား**ဖြစ်လာပါ၏။ ရဟန်းဘဝမှ စုတေလာသည့် အခြားပုဂ္ဂိုလ် သုံးဦးကား ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ နတ်သားများ ဖြစ်လာကြပါသည်။ ကျွန်ုပ်အား ဖျော်ဖြေရန် သုဓမ္မနတ်သဘင်သို့ ရောက်လာကြသော ထိုဂန္ဓဗ္ဗနတ်သား သုံးယောက်ကို ဂေါပက နတ်သားမြင်လျှင် "သင်တို့သည် ဘုရားသာသနာတော်၌ ရဟန်းပြုခဲ့ကြသူများ ဖြစ်ပါလျက် ယုတ်နိမ့် သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာကြရသည်မှာ မသင့်လျှော်ပါ"ဟူ၍ သတိပေးစကား ပြောကြားလေ၏။ ဂေါပကနတ်သား၏ သတိပေးစကားကို ကြားရသည့်အခါ၌ ထိုဂန္ဓဗ္ဗနတ်သား သုံးယောက်အနက် နတ်သားနှစ်ယောက်တို့သည် သတိသံဝေဂရ၍ လူ့ပြည်က ရခဲ့သော ပဌမဈာန်တရားကို ဆင်ခြင် ပွားများကြရာ အနာဂါမိဖိုလ်သို့ မျက်မှောက်ပြုကာ တာဝတိံသာနတ်တို့ကို ကျော်လွန်၍ ဗြဟ္မာပြည်သို့ ကူးပြောင်းသွားကြပါသည်။ တစ်ယောက်သော ဂန္ဓဗ္ဗနတ်သားသည်သာ ဤကာမဘုံ၌ ကျန်ရစ် ခဲ့ပါသည်။"

"အရှင်ဘုရား... တပည့်တော်သည် ထိုဂန္ဓဗ္ဗနတ်သား နှစ်ယောက်ကဲ့သို့ တရားထူးကို ရရှိနိုင်ရန် အတွက် ဤအရပ်သို့ ရောက်လာခြင်းဖြစ်ပါသည်။ အရှင်ဘုရား ခွင့်ပြုတော်မူပါလျှင် ကျွန်ုပ်ပြဿနာကို မေးလျှောက်လိုပါ၏။"

"သိကြားမင်း... သင်မေးလိုသည့် ပြဿနာကို မေးလျှောက်လော့။ သံသယကင်းအောင် ငါ ဖြေကြားအံ့"

## သိကြားမင်း ပြဿနာ မေးလျှောက်ခြင်း

ဘုရားရှင်က ခွင့်ပြုတော်မူလိုက်လျှင် သိကြားမင်းသည် အောက်ပါအတိုင်း လျှောက်ထား မေးမြန်းလေ၏။

"အရှင်ဘုရား... လူနတ်ပြဟ္မာ သတ္တဝါတို့သည် ရန်ငြိုးထားခြင်း, ပြစ်ဒဏ်ခတ်ခြင်း ကင်းလျက်, ရန်သူ ကင်းလျက်, စိတ်ဆင်းရဲခြင်း အမျက်ထွက်ခြင်း ကင်းလျက် နေနိုင်ရန် လိုလားတောင့်တ ကြပါသော်လည်း မိမိတို့ တောင့်တသည့်အတိုင်း မနေကြရပါ။ ဤသို့ မိမိတို့ လိုလားတောင့်တသည့်အတိုင်း မနေကြရခြင်းသည် အဘယ်သို့သော သံယောဇဉ်နှောင်ကြိုး ရှိနေခြင်းကြောင့် ဖြစ်ပါသနည်း?"

"သိကြားမင်း... ဤသို့ မိမိတို့ လိုလားတောင့်တသည့်အတိုင်း မနေကြရခြင်းသည် **ငြူစူခြင်း ဣဿာ, ဝန်တိုခြင်း မစ္ဆရိယ**ဟူသော သံယောဇဉ်နှောင်ကြိုး ရှိနေခြင်းကြောင့် ဖြစ်၏။"

"အရှင်ဘုရား... ထို ဣဿာ မစ္ဆရိယတို့၏ အကြောင်းဇစ်မြစ်ကား အဘယ်ပါနည်း။ အဘယ် တရားရှိနေသဖြင့် ဣဿာ,မစ္ဆရိယတို့ ပေါ်ပေါက်လာရပါသနည်း?"

"သိကြားမင်း... ဣဿာ,မစ္ဆရိယတို့ အကြောင်းဇစ်မြစ်ကား **ချစ်ခြင်း, မုန်းခြင်း**တို့ ဖြစ်၏။ ချစ်ခြင်း,မုန်းခြင်း ရှိသဖြင့် ဣဿာ,မစ္ဆရိယတို့ ပေါ်ပေါက်လာရကုန်၏။"

"အရှင်ဘုရား... ချစ်ခြင်း,မုန်းခြင်းတို့၏ အကြောင်းဇစ်မြစ်ကား အဘယ်ပါနည်း? အဘယ် တရားရှိသဖြင့် ချစ်ခြင်း,မုန်းခြင်း ဖြစ်ပေါ်လာရပါကုန်သနည်း?"

"သိကြားမင်း... ချစ်ခြင်း,မုန်းခြင်းတို့၏ အကြောင်းဇစ်မြစ်ကား **လိုချင်ခြင်းဆန္ဒ** ဖြစ်၏။ လိုချင်ခြင်းဆန္ဒ ရှိသဖြင့် ချစ်ခြင်း,မုန်းခြင်းတို့သည် ဖြစ်ပေါ်လာရကုန်၏။

"အရှင်ဘုရား... လိုချင်ခြင်းဆန္ဒ၏ အကြောင်းဇစ်မြစ်ကား အဘယ်ပါနည်း? အဘယ်တရား ရှိသဖြင့် လိုချင်ခြင်းဆန္ဒသည် ဖြစ်ပေါ်လာရပါသနည်း?"

"သိကြားမင်း... လိုချင်ခြင်းဆန္ဒ၏ အကြောင်းဇစ်မြစ်ကား **ကြံစည်ဝိတက်** ဖြစ်၏။ ကြံစည် ဆုံးဖြတ်မှု ရှိသဖြင့် လိုချင်ခြင်းဆန္ဒသည် ဖြစ်ပေါ်လာရ၏။

"အရှင်ဘုရား... ကြံစည်ခြင်းဝိတက်၏ အကြောင်းဇစ်မြစ်ကား အဘယ်ပါနည်း? အဘယ်တရား ရှိသဖြင့် ကြံစည်ခြင်းဝိတက်သည် ဖြစ်ပေါ်လာရပါသနည်း?"

"သိကြားမင်း... ကြံစည်ခြင်းဝိတက်၏ အကြောင်းဇစ်မြစ်ကား **ချဲ့ထွင်မှတ်သားတတ်သော ပပဥ္စသညာ** တရားအစု ဖြစ်၏။ ချဲ့ထွင်မှတ်သားတတ်သော တရားအစုရှိသဖြင့် ကြံစည်ခြင်းဝိတက်သည် ဖြစ်ပေါ်လာရ၏။"

## ဝေဒနာကမ္မဋ္ဌာန်း

"အရှင်ဘုရား... အဘယ်သို့ကျင့်သော ရဟန်းသည် ချဲ့ထွင်မှတ်တတ်သော ပပဥ္စသညာ တရားအစု၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်ပါသနည်း?"

"သိကြားမင်း... ဝမ်းမြောက်မှု **သောမနဿ**သည် **မှီဝဲသင့်သော ဝမ်းမြောက်မှု၊ မမှီဝဲသင့်သော ဝမ်းမြောက်မှု** ဟူ၍ နှစ်မျိုးရှိ၏။ နှလုံးမသာယာမှု **ဒေါမနဿ**၊ လျစ်လျူရှုမှု **ဥပေက္ခာ**တို့သည်လည်း ထို့အတူပင် နှစ်ပါးစီ ရှိကုန်၏။"

"သိကြားမင်း... အကြင်ဝမ်းမြောက်မှုကို မှီဝဲသူအား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ဆုတ်ယုတ်၏။ ထိုဝမ်းမြောက်မှုကို မမှီဝဲသင့်။"

"အကြင်ဝမ်းမြောက်မှုကို မှီဝဲသူအား အကုသိုလ်တရားသည် ဆုတ်ယုတ်၍ ကုသိုလ်တရားသည် တိုးပွားကုန်၏။ ထိုဝမ်းမြောက်မှုကို မှီဝဲသင့်၏။"

"ထိုမှီဝဲသော ဝမ်းမြောက်မှုတွင်လည်း **ကြံစည်ခြင်းဝိတက်၊ သုံးသပ်ခြင်းဝိစာရ မရှိသော ဝမ်းမြောက်မှုသည်** သာလွန်၍ မွန်မြတ်၏။"

(နှလုံးမသာယာမှု ဒေါမနဿ၊ လျစ်လျူရှုမှု ဥပေက္ခာတို့ကိုလည်း ထို့အတူပင် ခွဲခြား၍ ဟောတော်မူ၏။)

"သိကြားမင်း... ဤသို့ကျင့်သော ရဟန်းသည် ချဲ့ထွင်မှတ်သားတတ်သော ပပဥ္စသညာ တရားအစု၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်ပေ၏။"

## ပါတိမောက္ခသံဝရ သီလ

ဤသို့ မြတ်စွာဘုရားက ဟောကြားသောအခါ သိကြားမင်းသည် ထိုဟောကြားချက်ကို ဝမ်းမြောက်စွာ ခံယူပြီး၊ နောက်ထပ် ပြဿနာတစ်ရပ်ကို ထပ်မံ၍ မေးလျှောက်ပြန်၏။

"အရှင်ဘုရား... မည်သို့ကျင့်သော ရဟန်းသည် ပါတိမောက္ခသီလကို ကျင့်သည် မည်ပါသနည်း?"

"သိကြားမင်း... ကိုယ်အမူအရာ '**ကာယသမာစာရ**'သည် မှီဝဲသင့်သော ကိုယ်အမူအရာ၊ မမှီဝဲသင့်သော ကိုယ်အမူအရာဟူ၍ နှစ်ပါးရှိ၏။

ထို့အတူပင် နှုတ်အမူအရာ '**ဝစီသမာစာရ**'၊ ရှာမှီးခြင်း '**ပရိယေသန**'တို့သည်လည်း နှစ်ပါးစီ ရှိကြကုန်၏။"

"သိကြားမင်း... အကြင် ကိုယ်အမူအရာကို မှီဝဲသူအား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ဆုတ်ယုတ်ကုန်၏။ ထိုကိုယ်အမူအရာကို မမှီဝဲသင့်ပေ။ အကြင်ကိုယ်အမူအရာကို မှီဝဲသူအား အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားကုန်၏။ ထိုကိုယ်အမူအရာကို မှီဝဲသင့်၏။"

(နှုတ်အမူအရာ 'ဝစီသမာစာရ'၊ ရှာမှီးခြင်း 'ပရိယေသန'တို့ကိုလည်း ထို့အတူပင် ခွဲခြား၍ သိအပ်၏။)

"သိကြားမင်း... ဤသို့ကျင့်သော ရဟန်းသည် ပါတိမောက္ခသီလကို ကျင့်သည်မည်ပေ၏။"

# ဣန္ဒြိယသံဝရသီလ

သိကြားမင်းသည် ဘုရားရှင်၏ ဟောကြားချက်ကို ဝမ်းမြောက်စွာခံယူ၍ နောက်ထပ် ပြဿနာ တစ်ရပ်ကို ထပ်မံ၍ မေးလျှောက်ပြန်၏။

"အရှင်ဘုရား... မည်သို့ကျင့်သောရဟန်းသည် ဣန္ဒြေတို့ကို စောင့်ထိန်းရန်အလို့ငှာ ကျင်သည် မည်ပါသနည်း?"

"သိကြားမင်း... မျက်စိဖြင့်မြင်သိအပ်သော ရူပါရုံသည် မှီဝဲသင့်သော ရူပါရုံ၊ မမှီဝဲသင့်သော ရူပါရုံ ဟူ၍ နှစ်ပါးရှိ၏။ ထို့အတူပင် နားဖြင့်ကြားသိအပ်သော သဒ္ဒါရုံ၊ နှာခေါင်းဖြင့် နံသိအပ်သော ဂန္ဓာရုံ၊ လျှာဖြင့် စားသိအပ်သော ရသာရုံ၊ ကိုယ်ဖြင့် တွေ့သိအပ်သော ဖောဋ္ဌဗ္ဗာရုံ၊ စိတ်ဖြင့် တွေးသိ အပ်သော ဓမ္မာရုံတို့သည်လည်း နှစ်ပါးစီ ရှိကြကုန်၏။"

"သိကြားမင်း... အကြင်ရူပါရုံကို မှီဝဲသူအား အကုသိုလ်တရားများ တိုးပွား၍၊ ကုသိုလ်တရား များ ဆုတ်ယုတ်ကုန်၏။ ထိုရူပါရုံကို မမှီဝဲသင့်။ အကြင်ရူပါရုံကို မှီဝဲသူအား အကုသိုလ်တရားများ ဆုတ်ယုတ်၍၊ ကုသိုလ်တရားများ တိုးပွားကုန်၏။ ထိုရူပါရုံကို မှီဝဲသင့်ပေ၏။"

သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့ကိုလည်း ဤနည်းတူပင် ခွဲခြား၍ သိအပ်ကုန်၏။

"သိကြားမင်း... ဤသို့ကျင့်သောရဟန်းသည် ဣန္ဒြေတို့ကို စောင့်စည်းရန်အလို့ငှာ ကျင့်သည် မည်၏။"

# အယူဝါဒ မတူမျှခြင်း

သိကြားမင်းသည် ထိုဟောကြားချက်ကိုလည်း ဝမ်းမြောက်စွာ ခံယူပြီး၊ နောက်ထပ် ပြဿနာ တစ်ရပ်ကို ထပ်မံမေးလျှောက်ပြန်၏။

"အရှင်ဘုရား... သူတော်သူမြတ် အားလုံးတို့သည် တူသော အဆုံးအမ၊ တူသော အကျင့်၊ တူသော အယူ၊ တူသော ဘဝပန်းတိုင် ရှိကြပါကုန်သလော?"

"သိကြားမင်း... သူတော်သူမြတ် အားလုံးတို့သည် တူသော အဆုံးအမ၊ တူသော အကျင့်၊ တူသော အယူ၊ တူသော ဘဝပန်းတိုင် မရှိကြပေ။"

"အရှင်ဘုရား... အဘယ့်ကြောင့် မရှိကြပါသနည်း?"

"သိကြားမင်း... လောကသည် ထူးထွေများပြားသော ဓာတ်သဘော ရှိ၏။ သတ္တဝါတို့သည် မိမိတို့စွဲလန်းသော ဓာတ်သဘာဝကိုသာ မြဲမြံစွာ ဆုပ်ကိုင်၍ 'ငါ့အယူသာ မှန်၏။ တပါးသောသူတို့၏ အယူသည် အချည်းနှီးသာတည်း'ဟု ပြောဆိုတတ်ကြကုန်၏။ ထို့ကြောင့် သူတော်သူမြတ် အားလုံးတို့ သည် တူသောအဆုံးအမ, တူသောအကျင့်, တူသောအယူ, တူသော ဘဝပန်းတိုင် မရှိကြခြင်း ဖြစ်၏။"

"အရှင်ဘုရား... သူတော်သူမြတ် အားလုံးတို့သည် စင်စစ် အပြီးအဆုံး ရှိပါကုန်သလော? စင်စစ် ယောဂကုန်ရာ ရှိပါကုန်သလော? စစ်စစ် မြတ်သောအကျင့် ရှိပါကုန်သလော? စင်စစ် အဆုံးသတ် တရား ရှိပါကုန်သလော?"

"သိကြားမင်း... သူတော်သူမြတ် အားလုံးတို့သည် စင်စစ် အပြီးအဆုံး မရှိကုန်။ စင်စစ် ယောဂကုန်ရာ မရှိကုန်။ စစ်စစ် မြတ်သောအကျင့် မရှိကုန်။ စင်စစ် အဆုံးသတ်တရား မရှိကုန်။ တဏှာ ကုန်ခန်းခြင်းဖြင့် ကိလေသာမှလွတ်သော ရဟန်းတို့သည်သာ စင်စစ် အပြီးအဆုံး ရှိကုန်၏။ စင်စစ် ယောဂကုန်ရာ ရှိကုန်၏။ စင်စစ် မြတ်သောအကျင့် ရှိကုန်၏။ စင်စစ် အဆုံးသတ်တရား ရှိကုန်၏။"

"အရှင်ဘုရား... ဟောတော်မူသည့်အတိုင်း မှန်လှပါ၏။ အရှင်ဘုရား ဤအဖြေကို ကြားနာရသ ဖြင့် အကျွန်ုပ်သည် ယုံမှားခြင်းမှ လွန်မြောက်ပါပြီ။ သို့လော သို့လော တွေးတောခြင်းမှ ကင်းပါပြီ။"

"အရှင်ဘုရား... တဏှာသည် ရောဂါဆိုးနှင့် တူပါ၏။ အနာဆိုးနှင့် တူပါ၏။ ဆူးငြောင့်နှင့် တူပါ၏။ တဏှာသည် သတ္တဝါအပေါင်းကို ထိုထိုဘဝ၌ဖြစ်စေရန် ဆွဲငင်နေပါ၏။ ထို့ကြောင့်ပင် ဤသတ္တဝါအပေါင်းသည် ဘဝကြီးငယ်သို့ ရောက်ကြရခြင်း ဖြစ်ပါ၏။"

"သိကြားမင်း... သင်သည် ဤပြဿနာတို့ကို အခြားသော သူတော်သူမြတ်တို့ကို မေးလျှောက်ဖူးပါသလော?"

"မေးလျှောက်ဖူးပါသည် ဘုရား"

"ထိုသူတော်သူမြတ်တို့က သင့်အား မည်သို့ ဖြေကြားလိုက်ကြသနည်း?။ ဝန်မလေးလျှင် ငါ့အား ပြန်ကြားလျှောက်တင်ပါလော"

"အရှင်ဘုရား... မြတ်စွာဘုရားကဲ့သို့သော ပုဂ္ဂိုလ်၏ ရှေ့မှောက်၌ ပြန်ကြားလျှောက်တင်ရန် ကျွန်ုပ် ဝန်မလေးပါ။ အရှင်ဘုရား... ကျွန်ုပ်သည် တခါက ဆိတ်ငြိမ်သော တောကျောင်း၌နေသည့် သူတော်သူမြတ်တို့ထံ ချဉ်းကပ်၍ ဤပြဿနာတို့ကို မေးလျှောက်ခဲ့ဖူးပါ၏။ သို့သော်လည်း ထို သူတော်သူမြတ်တို့သည် ကျွန်ုပ်၏ ပြဿနာတို့ကို ဖြေဆိုရန် မစွမ်းနိုင်ကြပဲ ကျွန်ုပ်ကိုသာ 'သင် မည်သူ ပါနည်း?' ဟူ၍ ပြန်၍ မေးမြန်းကြပါသည်။

"ကျွန်ုပ် သိကြားမင်းဖြစ်ပါသည်'ဟု ဖြေကြားသောအခါ ထိုသူတော်သူမြတ်တို့က 'အရှင်သည် မည်သို့သော ကောင်းမှုကို ပြုလုပ်ခဲ့သဖြင့် သိကြားမင်းအဖြစ်သို့ ရရှိပါသနည်း?'ဟု မေးမြန်းကြပြန်ပါသည်။ ကျွန်ုပ်က မိမိပြုလုပ်ခဲ့သော သိကြားဖြစ်ကြောင်း ကောင်းမှုခုနစ်မျိုးကို ပြောကြားလိုက်ရာ ထို သူတော်သူမြတ်တို့သည် 'ငါတို့ကား သိကြားမင်းကို တွေ့မြင်ကြရ၏။ သိကြားမင်းနှင့် စကားပြောဆို ကြရပေ၏' ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြပါသည်။ စင်စစ် ကျွန်ုပ်က ထိုသူတော်သူမြတ်တို့၏ တပည့်မဖြစ်ပဲ ထိုသူတော်သူမြတ်တို့ကသာ ကျွန်ုပ်၏တပည့် ဖြစ်သွားကြပါသည်။"

"အရှင်ဘုရား... **ကျွန်ုပ်သည်ကား** အပါယ်လေးပါးသို့ ကျရောက်ခြင်းမရှိတော့ပဲ ကိန်းသေ မြဲသော, အထက်မဂ်သုံးပါးလျှင် လားရာရှိသော မြတ်စွာဘုရား၏တပည့် **သောတာပန်ဖြစ်ပါ၏**"

## မတူသော ဝမ်းမြောက်မှု

"သိကြားမင်း... သင်သည် ရှေးအခါက ဤသို့သော ဝမ်းမြောက်မှုမျိုးကို ရဖူးပါ၏လော?"

"အရှင်ဘုရား... ရှေးအခါက နတ်နှင့်အသူရာတို့ စစ်ပွဲဖြစ်ပွားရာ နတ်တို့က အနိုင်ရသဖြင့် စစ်နိုင်သော ကျွန်ုပ်အား ဝမ်းမြောက်မှု ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော်လည်း ထိုနှစ်သက်ဝမ်းမြောက်မှုကို ရခြင်းမှာ တုတ်,ဓား,လက်နက် ကိုင်ဆောင်ရသော ချမ်းသာမျိုးသာ ဖြစ်ပါသည်။ အမှန်တရားကို သိမြင် ရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာဖြစ်သော ချမ်းသာမျိုး မဟုတ်ပါ။

"အရှင်ဘုရား... မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် ရရှိသော နှစ်သက်ဝမ်းမြောက်မှုသည်ကား တုတ်,ဓား,လက်နက် မကိုင်ဆောင်ရသော ချမ်းသာဖြစ်ပါသည်။ အမှန်တရားကို သိမြင်ရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာဖြစ်သော ချမ်းသာဖြစ်ပါသည်။"

"သိကြားမင်း... သင်သည် မည်သို့သော အကျိုးထူးကို သိမြင်ရ၍ ဤသို့သဘောရှိသော နှစ်သက်ဝမ်းမြောက်မှု ရရှိခြင်းကို ချီးကျူးပြောဆိုဘိသနည်း?"

"အရှင်ဘုရား... ကျွန်ုပ်သည်

(၁) ဘုရားရှင်၏ ရှေ့မှောက်၌ တည်နေလျက်ပင် ယခင်သိကြားဘဝမှ စုတေ၍ နောက်ထပ်သိကြားမင်းဘဝကို ရရှိခဲ့ပါသည်။

(၂) ထိုသိကြားမင်းသစ်ဘဝမှ စုတေသော် မိမိ နှစ်သက်ရာ မိခင်ဝမ်း၌ ပဋိသန္ဓေ နေရပါလိမ့်မည်

(၃) လူဖြစ်သော ကျွန်ုပ်သည် ယုံမှားခြင်းကင်းပြီး သာသနာတော်၌ မွေ့လျော်စွာနေထိုင်လျက် သတိသမ္ပဇဉ် အမြဲယှဉ်ကာ အရိယာအဖြစ်ဖြင့် နေထိုင်ရလိမ့်မည်။

(၄) လူ့ဘဝ၌ သကဒါဂါမ် ဖြစ်ပြီးနောက် နတ်ပြည်ရောက်သောအခါ လူ့ပြည်ပြန်၍ ပဋိသန္ဓေမနေတော့ပဲ အထက်တက်ရပါလိမ့်မည်။

(၅) ထိုလူ့ဘုံမှ စုတေလတ်သော် နတ်ပြည်၌ သိကြားမင်းတစ်ဖန် ပြန်ဖြစ်ရပါလိမ့်ဦးမည်။

(၆) နောက်ဆုံး နတ်ပြည်၌ သိကြားအဖြစ်ဖြင့် အနာဂါမိမဂ်ကို ရသောကြောင့် စုတေသောအခါ အကနိဋ္ဌ ဗြဟ္မာဘုံသို့ ရောက်ရပါလိမ့်မည်။

ဤခြောက်ပါးသော အကျိုးထူးကို သိမြင်ရသဖြင့် ကျွန်ုပ်သည် ဤသို့သဘောရှိသော နှစ်သက်ဝမ်းမြောက်မှုရခြင်းကို ချီးကျူးပြောဆိုခြင်း ဖြစ်ပါသည်ဘုရား"

"အရှင်ဘုရား... သို့လော သို့လော တွေးတောယုံမှားခြင်းရှိသော တပည့်တော်သည် မပြီးမြောက်သေးသော တောင့်တခြင်းဖြင့် ဘုရားရှင်ကို ရှာလျက် ကာလရှည်စွာ လှည့်လည်ခဲ့ပါ၏။ ကျွန်ုပ်သည် အချို့သမဏဗြာဟ္မဏတို့ကို ဘုရားဟုထင်ပြီး ချဉ်းကပ်ကာ "အဘယ်နည်းဖြင့် မဂ်၏ပြည့်စုံခြင်း ဖြစ်ပါသနည်း? အဘယ်နည်းဖြင့် မဂ်၏ မပြည့်စုံခြင်း ဖြစ်ပါသနည်း?"ဟု မေးသည်ရှိသော် ၎င်းတို့သည် မဂ်၌၎င်း, အကျင့်၌၎င်း မဖြေဆိုနိုင်ကြပါကုန်။ အကျွန်ုပ်ကိုသာ သိကြားမင်းမှန်းသိကြ၍ သိကြားဖြစ်ကြောင်း ကောင်းမှုကံများကို မေးကြသဖြင့် အကျွန်ုပ်ကသာ ပြန်၍ တရားဟောခဲ့ရပါ၏။

ယခုအခါ တပည့်တော်သည် ယုံမှားခြင်း ကင်းပါပြီ။ ကြောက်ရွံ့ခြင်းလည်း ကင်းပါပြီ။ ယခင်က ကျွန်ုပ်နှင့်တကွ နတ်တို့သည် ဖြဟ္မာကြီးကို ရှိခိုးခဲ့ပါ၏။ ယခုမှစ၍ ဘုရားရှင်အား ဘုရားရှင်ကိုသာ ရှိခိုးပါတော့အံ့။"

## ပဉ္စသိခနတ်သား ဆုလဒ်ရရှိခြင်း

သိကြားမင်းသည် မြတ်စွာဘုရားအား ယင်းသို့ လျှောက်ထားပြီးနောက် ပဉ္စသိခနတ်သားအား "အမောင် ပဉ္စသိခ၊ ဘုရားရှင်အား ဖူးမြော်ခွင့်ရရန် ခွင့်ပန်ပေးသော သင်သည် ငါ့အား ကျေးဇူးများလှပေ၏။ ထို့ကြောင့် ငါသည် သင့်အား သင့်ဖခင် ဂန္ဓဗ္ဗနတ်မင်း၏ ရာထူးကိုပေးအံ့။ သင်အလွန်တောင့်တနေသော သူရိယဝစ္ဆသာ နတ်သမီးကိုလည်း ပေးအံ့"ဟု မိန့်ကြားလေ၏။

ထို့နောက် သိကြားမင်းသည် လက်ဖြင့် မြေကြီးကိုပုတ်၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု သုံးကြိမ်ဥဒါန်းကျူးရင့်လေ၏။

ဤသို့ တရားဒေသနာတော်ကို ဟောတော်မူသည်ရှိသော် သိကြားမင်းကြီးအား "ဓမ္မစက္ခု"ဟု ခေါ်သော သောတာပတ္တိမဂ်ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။ အခြား ရှစ်သောင်းသောနတ်တို့သည်လည်း ဓမ္မစက္ခုခေါ် သောတာပတ္တိမဂ်ဉာဏ် ထင်ရှားဖြစ်ပေါ်လာကြကုန်၏။

ဤသို့ သိကြားမင်းတောင်းပန်သော ပြဿနာတို့ကို ဘုရားရှင်ဖြေကြားတော်မူသောကြောင့် ဤဒေသနာတော်၏ အမည်သည် "သက္ကပဉှ"ဟူ၍သာလျှင် အမည်တွင်လာခဲ့ပေသတည်း။

သက္ကပဉှသုတ် မြန်မာပြန်အချုပ် ပြီး၏။